ဓမ္မအမေးအဖြေ
၃၂။ အနတ္တသံသရာ၊ နောက်ဘဝ ပဋိသန္ဓေ တည်ပုံ၊ ပဋိသန္ဓေတားလျှင်

# အနတ္တသံသရာ

လျှောက်ထားပါရစေ အရှင်ဘုရား။
ဗုဒ္ဓဘာသာမှာ ထာဝရတည်မြဲနေသည့် အသက်ကောင် ဝိညာဉ်ကောင် သို့မဟုတ် လိပ်ပြာကောင် မရှိဟု ဆိုပါသည်။ သို့ဖြစ်လျှင် နောက်ဘဝ၌ ပဋိသန္ဓေနေပြီး သံသရာလည်သည်မှာ မည်သည့်အရာ ဖြစ်ပါသနည်း။ နောက်ဘဝ၌ ပဋိသန္ဓေ သွားတည်သည်မှာ မည်သည့်အရာ ဖြစ်ပါသနည်း။ နောက်ဘဝ ပဋိသန္ဓေနေပြီး သံသရာလည်ပုံကို မရှင်းလင်းပါဘုရား။ လူမှုစီးပွား အခြေအနေအရ အမျိုးသမီးများ ပဋိသန္ဓေ တားလျှင် ဗုဒ္ဓဘာသာရှုထောင့်မှ အပြစ်ရှိပါသလား။ မည်သို့ ယူဆပါနည်း အရှင်ဘုရား။

သတိုးလှ

## ဝိညာဉ်ကောင်မရှိ (အနတ္တ)

စိတ်ပညာရှင် ပါမောက္ခဂျိမ်းစ်က ဝိညာဉ်ကောင် (Soul) ကို ရှာမရတဲ့ နောက် 'The thoughts themselves are the thinkers = အတွေးတွေဟာ တွေးသူတွေပါပဲ'လို့ အဖြေ ထုတ်ဖူးပါတယ် (*Principles of Psychology, p. 215*)။ သမ္မုတိသစ္စာ (ခေါ်ဝေါ်သုံးစွဲမှုအမှန်) နယ်မှာ ပုဂ္ဂိုလ်သတ္တဝါရှိတယ်ဆိုတာကို ဗုဒ္ဓဝါဒက မငြင်းပါဘူး။ ဒါပေမဲ့ ပရမတ္ထသစ္စာ (သဘာဝရှိအမှန်) နယ်မှာတော့ ပြောင်းလဲမသွားတဲ့ ထာဝရတည်မြဲနေတဲ့ အထည်ကိုယ်ခြုပ်တစ်ခု မရှိဘူးလို့ ငြင်းပါတယ်။

ဗုဒ္ဓဝါဒက လူတွေ သတ္တဝါတွေကို သန္တတိ (ဖြစ်စဉ်) လို့ပဲ မြင်ပါတယ်။ ရုပ်တရားတွေဟာ စက္ကန့်ပိုင်း အတွင်းမှာ အကြိမ်ပေါင်း မြောက်များစွာ အဟောင်း တွေချုပ်ပြီး အသစ်တွေ ပြန်ဖြစ်နေသလို နာမ်တရား တွေဟာလဲ ရုပ်ထက် မြန်တဲ့နှုန်းနဲ့ အကြိမ်ပေါင်း ကုဋေကုဋာချီပြီး အဟောင်းချုပ် အသစ်ပေါ် ဖြစ်နေ ပါတယ်။ အဲဒီလို ဒလစပ်ဖြစ်နေအောင် ကမ္မစွမ်းအား အလျဉ်က တွန်းပို့ပါတယ်။

'ကမ္မ(စွမ်းအား)ကို ပြုလုပ်သူ အတ္တ (ဝိညာဉ် ကောင်) မရှိ၊ အကျိုးကို ခံစားသူ အတ္တကောင် လည်းမရှိ၊ အမှန်မှာ ရုပ်နာမ်ဓမ္မ ပရမတ္ထတရားတို့ သက်သက်သာ (ကြောင်းကျိုးဆက်ကာ) ဖြစ်ကြကုန်၏။ ဤသို့ရှုမြင်မှုသည် မှန်ကန်သော အမြင် ဖြစ်၏ (ဝိသုဒ္ဓိ-ဋ္ဌ ၂၊ ၂၃၇)'။

## အနတ္တ သံသရာလည်ပုံ

www.kelasa.org

မြို့ပြကြော်ငြာတွေမှာ ရောင်စုံ လျှပ်စစ်မီးလုံးလေးတွေ ဆိုင်းဘုတ်ကို ပတ်ပြေးနေတာကို တွေ့ဖူးပါလိမ့်မယ်။ လျှပ်စစ်စွမ်းအင်အလျဉ် တစ်လုံးပြီး တစ်လုံး စီးဆိုက် ဆုံစည်းခိုက်မှာ တစ်လုံးလင်း တစ်လုံးမှိတ် ဖြစ်နေတာကို အဝေးကကြည့်တော့ မီးလုံးတွေ လည်နေတာပေါ့။ အမှန်တော့ လည်နေတာက လျှပ်စစ်စွမ်းအင်ပါ။ ဘောလုံးတစ်လုံးကို လိမ့်လိုက်လို့ နောက်ဘောလုံးကို သွားထိရာမှာ ပထမဘောလုံးက ရပ်နေခဲ့ပြီ၊ ဒုတိယဘောလုံးက ဆက်လိမ့်ပြီး နောက်တစ်လုံးကို ထိမယ်၊ လိမ့်မယ်။ ဘောလုံးတွေ ရွေ့ရှားမှုကို ဖြစ် ပေါ်စေတာဟာ အရှိန် သို့မဟုတ် သတ္တိပဲ။

မွေးဖွားခြင်းဆိုတာ ဗုဒ္ဓဝါဒအလိုအရ ခန္ဓာငါးပါး ဖြစ်ပေါ်လာခြင်း (ခန္ဓာနံ ပါတုဘာဝေါ) ဖြစ်ပါတယ်။ ပစ္စုပ္ပန် ရုပ်နာမ်ဖြစ်စဉ်ဟာ ထာဝရတတ္တမရှိဘဲ တစ်ခုပြီး တစ်ခု ဖြစ်ပေါ်သလို ဘဝခန္ဓာအသစ် ဖြစ်စဉ်မှာလဲ ဒီဘဝကနေ နောက်ဘဝကို ကူးသွားတဲ့ ထာဝရတတ္တ မရှိပါဘူး။ နောက်ဘဝ ခန္ဓာသစ် ထပ်ဖြစ်ဖို့ တွန်းပို့တာက အဲဒီကမ္မစွမ်းအင် အလျဉ်ပါပဲ။ လျှပ်စစ်နဲ့ ရွေ့ရှားမှုတွေက မျက်စိနဲ့မမြင်နိုင်တဲ့ ရုပ်စွမ်းအင်တွေ ဖြစ်သလို ကမ္မဟာလဲ မမြင်နိုင်တဲ့ နာမ်စွမ်းအင် ဖြစ်ပါတယ်။

## ပဋိသန္ဓေတည်ပုံ

ဗုဒ္ဓကျမ်းဂန်အလို -
'၁) မိဘလောင်းတို့ သံဝါသပြု ၂) မိခင်လောင်း ဥတုပန်းပွင့်ဆဲ ၃) ပဋိသန္ဓေနေမဲ့ သတ္တဝါ အဆင်သင့်ဖြစ် (မ ၁၊ ၃၃၂)'လို့ ပဋိသန္ဓေမှုအတွက် အင်္ဂါသုံးမျိုး ရှိပါတယ်။

အဲဒီပါဠိတော်ကို အဋ္ဌကထာဋီကာတွေနဲ့ အညီ အဓိပ္ပာယ်ဖွင့်ရင် --
၁) မိဘနှစ်ဦး သံဝါသပြုမှုကြောင့် ဖခင်ရဲ့ သုက်သွေးမှ ဖိုမျိုးဥရပြီး
၂) မိခင်ရဲ့ ဥတုသွေးစင်ပြီးစ မမျိုးဥရချိန်နဲ့ ကြုံလို့ အဲဒီမျိုးဥနှစ်ခု ပေါင်းစပ်ပြီး တစ်ခုတည်း ဖြစ်သွားတဲ့နောက် (သားအိမ်၌ ဥတုသွေး စင်ကြယ်သောအခါ မိဘနှစ်ဦးတို့ တစ်ကြိမ်သံဝါသ ပြုထားလျှင် ခုနစ်ရက်ပတ်လုံး သန္ဓေတည်နိုင်သော ခေတ်ချည်းဖြစ်၏။ မ-ဋ္ဌ ၂၊ ၂၁၀)။
၃) အဲဒီ မိခင်ရဲ့ ဝမ်းမှာ ဖြစ်ထိုက်တဲ့ သတ္တဝါက ဘဝဟောင်းက သေလာတဲ့အချိန်ဟာ သန္ဓေဦးအစပါပဲ။

ဆေးသိပ္ပံအလို (မှတ်ဖူးသမျှ) မိဘလောင်းတို့ သံဝါသပြုရာမှ အောင်မြင်တဲ့ ဖိုမျိုးဥ(Spermatozoa)နှင့် မမျိုးဥ(Ova)တို့ သားအိမ်ကြော (Fallopian Tube) အတွင်းမှာ ပေါင်းစပ်မှုနဲ့ သန္ဓေဦးအစဖြစ်ပြီး လေးလလောက် အကြာမှာ သန္ဓေသား စတင်လှုပ်ရှားတယ် သို့မဟုတ် အသက်ဝင်တယ်လို့ ဆိုပါတယ်။

www.kelasa.org

## ပဋိသန္ဓေတားခြင်း

စိတ်ဝိညာဉ်ဆိုတာ အင်မတန် သိမ်မွေ့ပါတယ်။ မိုက်ခရိုစကုပ်နဲ့ ကြည့်လို့ မမြင်ရပါဘူး။  ဗုဒ္ဓရှင်တော်မြတ်ကျတော့ သဗ္ဗညုတဉာဏ် အဘိညာဏ် ဝိပဿနာဉာဏ် တွေနဲ့ သိမြင်တော်မူလို့ 'မိဘတို့၏ သုက်သွေး ဥတုနှင့်တကွ ကမ္မဇရုပ် သုံးဆယ်ဟူသော ကလလရေကြည်ထဲမှာပင် ပဋိသန္ဓေဝိညာဉ် စ၍ဖြစ်၏'လို့ ဟောတော်မူပါတယ်။

ဒါကြောင့် ဗုဒ္ဓဝါဒအလို ပဋိသန္ဓေတည်တာနဲ့ တစ်ပြိုက်နဲ့ ရုပ်နာမ် နှစ်မျိုးလုံး ဖြစ်နေပြီ သို့မဟုတ် အသက်ဝင်နေပြီလို့ ဆိုပါတယ်။ ဒီတော့ အသက်ရှိနေတဲ့ အဲဒီသန္ဓေဦးကို ဖျက်ဆီးရင်လဲ လူသတ်တယ်လို့ ဆိုရပါတယ်။ အပြစ်ကင်းတဲ့ နည်းကတော့ အဖရဲ့ သုက်သွေးကို ဖျက်ဆီး ထားရင်၊ သို့မဟုတ် အမိရဲ့မျိုးဥကို ဖျက်ဆီးထားရင်၊ သို့မဟုတ် မျိုးဥနှစ်ခု မဆုံစည်း စေနိုင်တဲ့ ဆေးကို သုံးစွဲထားရင်၊ သို့မဟုတ် မျိုးဥနှစ်ခု မဆုံစည်းနိုင်အောင် ခေတ်ပေါ် နည်းနဲ့ ကာကွယ်ထား နိုင်ရင် အဲဒါကို ပဋိသန္ဓေတားတယ်လို့ အဓိပ္ပာယ်ယူပြီး ဗုဒ္ဓတရားတော်အရ အပြစ်မရှိဘူးလို့ ဆိုနိုင်မှာပါ။ ☐